# သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

## “ထုတ်ပြန်ကြေညာချက်”

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

## ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၆) ရက်

၁။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကာင်စီသည် အဖွဲ့အစည်းစတင်တည်ထောင်စဉ်က တည်းကချမှတ်ထားသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာပေါ်လစီအတိုင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ယနေ့တိုင်လုပ်ဆောင်လျက်ရှိပါသည်။

၂။ UN၏ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးပေါ်လစီနှင့်ပတ်သက်၍ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှ ထောက်ခံကြိုဆိုပါသည်။ မူးယစ်ဆေးဝါးဆိုင်ရာပေါ်လစီ ပြုပြင်ရာ၌ လူ့အခွင့်အရေးနှင့်အညီမူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူ့အသိုင်းအဝိုင်းကောင်းကျိုးဖြစ်ထွန်းစေရေးတို့အတွက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီအနေဖြင့်လည်း ပါဝင်ရန်ဆန္ဒရှိပါသည်။

၃။ UNODC၏ ၂၀၁၈ခုနှစ်ဘိန်းစိုက်ပျိုးခြင်းနှင့်ပတ်သက်သောထုတ်ပြန်ခဲ့သည့် အစီအရင်ခံစာသည်ဘက်လိုက်မှုရှိပြီး မှားယွင်းသောအချက်အလက်များကိုလည်းဖော်ပြထားသည်။ ဒေသခံဘိန်းစိုက်ပျိုးသူတို့အတွက် အစားထိုးစိုက်ပျိုးခြင်း (သို့မဟုတ်) စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာဖွံ့ဖြိုးရေးလုပ်ဆောင်ပေးခြင်းမရှိပဲ ဘိန်းခင်း(၂၆၀၅)ဟက်တာဖျက်ဆီးခြင်းသည် UN ၏ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး ရည်ရွယ်ချက်နှင့် ကွဲလွဲဆန့်ကျင်နေပါသည်။

၄။ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးနှင့်ပတ်သက်၍ RCSS/SSAနှင့်နိုင်ငံတော်အစိုးရအကြား ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်အပစ်ခတ်ရပ်စဲရေးဆိုင်ရာ နှစ်ဖက်သဘောတူညီချက်များတွင်လည်းကောင်း၊ NCAစာချုပ်ပါအခန်း(၆)အပိုဒ်(၂၅)(က)(၆)တွင်လည်းကောင်း ပါရှိသော်လည်း ထိထိရောက်ရောက်ပူးပေါင်းအကောင်အထည်ဖော်လုပ်ဆောင်နိုင်ခြင်းမရှိသေးပါ။ RCSS/SSAမှမူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်လိုသောဆန္ဒဖြင့် မိုင်းတုံမြို့နယ်အတွင်း ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးအိုက်စ်(၃၀)ကီလိုဂရမ်ကို မြန်မာနိုင်ငံအ

စိုးရ၏မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံ ၂၀၁၉ခုနှစ်မေလ(၈)ရက်နေ့တွင် အပ်နှံပေးခဲ့သည်။

၅။ ၂၀၁၂ခုနှစ်အောက်တိုဘာလ ၂၇-၂၈ရက်နေ့ တာချီလိတ်မြို့တွင် RCSS,UNODC& CCDAC တို့၏သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှ သဘောတူညီချက်(၉)ချက်ရရှိခဲ့သော်လည်း ယနေ့တိုင်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။

၆။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူအခွင့်အရေးနှင့်အညီ မူးယစ်တိုက်ဖျက်ရေးဆိုင်ရာ ပေါ်လစီဖြစ်ပေါ်လာစေရေးလုပ်ဆောင်ရာတွင် အစိုးရ၊ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိတိုင်းရင်းသားပြည်သူများ၊ UNအပါအဝင်နိုင်ငံတကာတို့နှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းကို သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှ ကြိုဆိုပါသည်။

၇။ ၂၀၁၈-၂၀၁၉ခုနှစ်အတွင်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီမှမူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့သည်။

၁။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ - ဘိန်းမဲ(၁၇)ကီလိုဂရမ်၊ ဘိန်းဖြူ(၂၁၂.၈)ဂရမ်၊ ယာမ(၄၀,၇၀၇)ပြား၊ အိုက်စ်(၃၀)ကီလိုဂရမ်၊ ဖမ်းဆီးအရေးယူခဲ့သောမူးယစ်ဆေးဝါးရောင်းဝယ်သူများ(၉၇)ဦး။

၂။ မူးယစ်ဆေးဝါးသုံးစွဲသူများအားဆေးဖြတ်ပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း ကျား(၈၄၁)ဦး၊ မ(၁၄)ဦး ၊ စုစုပေါင်း(၈၅၅)ဦး ။

၃။ ဒေသတွင်းပြည်သူလူထုနှင့် မိမိတို့၏တပ်ဖွဲ့ဝင်များအားမူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍အသိပေးခြင်း(၁၂၉)ကြိမ်၊ ပါဝင်တက်ရောက်သူများ ကျား(၉,၀၂၇)ဦး ၊ မ(၅,၆၀၂)ဦး ၊ စုစုပေါင်း(၁၄,၆၂၉)ဦး။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်

၁။ ဒုတိယဗိုလ်မှူးကြီး စိုင်းမိဏ်း (+၆၆ ၉၃၁ ၇၂၁ ၇၂၀)

၂။ ဒုတိယဗိုလ်မှူးကြီး စိုင်းဦး (+၉၅ ၉၄၉ ၅၉၀ ၇၁၆)

၃။ ဗိုလ်မှူး စိုင်းခမ်းစံ (+၆၆ ၈၀၈ ၇၉၄ ၀၅၃) (+၆၆ ၈၆၁ ၁၇၉ ၆၁၁)